

# ရန်ကုန်မြို့ပြဆင်းရဲနွမ်းပါးမှုအား လှစ်ဟာသုံးသပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဇွန်လ

မျက်နှာဖုံးဓာတ်ပုံ– မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ လမ်းဘေးဈေးတစ်ခုမြင်ကွင်း။

# အစီရင်ခံစာအနှစ်ချုပ်



ဓာတ်ပုံ- မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ သက်ကြီးရွယ်အိုတစ်ဦး။

မြန်မာနိုင်ငံ၏အကြီးဆုံးနှင့် စီးပွားရေးအရပါအချက်အချာအကျဆုံးဖြစ်သော ရန်ကုန်မြို့ဟာ ယခုအခါ မျှော်လင့်မထားလောက်အောင် ကြောက်မက်ဖွယ်မြင့်တက်လာနေသော မြို့ပြဆင်းရဲနွမ်းပါးမှုဒဏ်ကို အံတုနေရပါတယ်။ အထူးသဖြင့် နိုင်ငံတွင်းလက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခများနှင့် စီးပွားရေးကျပ်တည်း ပြိုလဲမှုများကြောင့် ရွှေ့ပြောင်းအခြေချနေထိုင်ကြရသူများက ခိုလှုံရာအဖြစ် ရွေးချယ်လေ့ရှိတဲ့ ဆင်ခြေဖုံးမြို့နယ်များတွင် အများဆုံးကြုံတွေ့နေရတာဖြစ်ပါတယ်။ ၂၀၂၄ ဇူလိုင်လတွင် ကောက်ယူခဲ့သောစစ်တမ်းမှ မေးမြန်းဖြေဆိုမှုပေါင်း ၄၈၀၀ ကျော်၏ အချက်အလက်များကို အခြေခံ၍ ယခုသုတေသနစာတမ်းမှာ နိုင်ငံတွင်း စီးပွားရေးကျဆင်းလာမှု၊ နိုင်ငံရေးမတည်ငြိမ်မှုနှင့် နေရပ်ရွှေ့ပြောင်းအခြေချရမှုများကြောင့် ရန်ကုန်မြို့နှင့် ၄င်းဆင်ခြေဖုံးမြို့နယ်များတွင် ကြုံတွေ့နေရသော ဆင်းရဲဒုက္ခများကိုအချက်အလက်များဖြင့် အသေးစိတ်တင်ပြထားပါတယ်။ ဒါ့အပြင် ဘူးလေးရာဖရုံဆင့်ဆိုသလို နိုင်ငံတကာအထောက်ပံ့များ၊ လူ့ဒါန်းကူညီမှုများသည်လည်း လျော့နည်းလာနေ၍ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးတွင် အားအင်ယုတ်လျော့စေပြီး အကန့်အသတ်များဖြစ်ပေါ်လာနေစေပါတယ်။
လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း မြို့ပြဆင်းရဲမွဲတေမှု အချိုးအစားမှာ အလွန်အမင်း မြင့်တက်လာခဲ့ပါတယ်။

၂၀၁၇ ခုနှစ်တွင် ရန်ကုန်မြို့ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသည်သာ ဆင်းရဲနွမ်းပါးသူများအဖြစ် ရှိနေခဲ့ပြီး ၂၀၂၃ ခုနှစ်အရောက်တွင် ဤအတိုင်းအတာမှာ ၄၃ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့တာ ဖြစ်ပါတယ်။ ရန်ကုန်မြို့၏ ခန့်မှန်းလူဦးရေမှာ ၆.၂ သန်းခန့်ရှိကြောင်းဆိုရာ ဆင်းရဲနွမ်းပါးသူလူဦးရေမှာ ၂ သန်းခန့် ပိုတိုးလာတာဖြစ်ပြီး လက်ရှိ ရန်ကုန်မြို့လူဦးရေ၏ ၂.၇ သန်းခန့်ဟာ ဆင်းရဲနွမ်းပါးမှုအခြေအနေနဲ့ ကြုံတွေ့နေရတာပါ။ ဒါ့အပြင် ဆင်းရဲနွမ်းပါးသူများ၏ ဆင်းရဲတွင်းသည်လည်း နက်သည်ထက်ပိုနက်လာနေတာဖြစ်ပါတယ်။[၁] ၂၀၁၇ ခုနှစ်တွင် ဆင်းရဲတွင်းနက်ထဲ ကျရောက်နေသူများမှာ ၂ ရာခိုင်နှုန်းခန့်သာ ရှိသော်လည်း၊ ၂၀၂၃ ခုနှစ်တွင် ၂၆ ရာခိုင်နှုန်း အထိ တိုးလာပါတယ်။ ဆိုလိုသည်မှာ ရန်ကုန်မြို့တွင်းနေထိုင်သူများတွင် ဆင်းရဲနွမ်းပါးသူဦးရေ များပြားလာနေရုံမက ပြန်လည်နားလန်ထူရန်ခက်ခဲသော ဆင်းရဲတွင်းနက်ထဲကျရောက်နေသူတွေပါ တိုးများလာနေတာဖြစ်ပါတယ်။ ထိုအခြေအနေသည် ဆင်ခြေဖုံးမြို့နယ်များတွင် ပိုမိုဆိုးရွားပြီး အိမ်ထောင်စုများ၏ ၄ပုံ ၁ပုံ (သို့) ၂၅ရာခိုင်နှုန်းခန့်ဟာ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအညွှန်းကိန်း ပိုင်းဖြတ်မှုအရ အလွန်ဆင်းရဲနွမ်းပါးသူများ အုပ်စုတွင် ပါဝင်နေပါတယ်။ ယင်းအတိုင်းအတာသည် မြို့လယ်ခေါင်ဟု ဆိုနိုင်သော မြို့နယ်များရှိ ၇ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် ပိုမိုပြင်းထန်သည့်အခြေအနေ ဖြစ်ပါတယ်။[၂]

ရန်ကုန်သို့ ရွှေ့ပြောင်းအခြေချလာသူများသည် ဆင်းရဲနွမ်းပါးမှုဘေးဒဏ်ကို ပိုမိုလေးလံစွာခံစားနေရပြီး ဆင်ခြေဖုံးမြို့နယ်များသို့ ပြောင်းရွှေ့လာသူ အိမ်ထောင်စုများ၏ ၃၉ ရာခိုင်နှုန်းခန့်သည် အလွန်ဆင်းရဲနွမ်းပါးသူများ အုပ်စုတွင် ပါဝင်နေသည်ကို တွေ့ရပါတယ်။ လုံခြုံရေးနှင့် အခွင့်အလမ်းသစ်များ ရှာဖွေရန်အလို့ငှာ ရွှေ့ပြောင်းလာသူများအဖို့ စီးပွားရေးအရရုန်းကန်ရမှုသည် မူလနေထိုင်သူများထက် ပိုမိုခက်ခဲ ပြင်းထန်ကြောင်း ထိုအချက်အလက်များက သက်သေထူနေပါတယ်။ ၃ပုံ ၁ပုံသော ရွှေ့ပြောင်းအခြေချလာသူများသည် ၂၀၂၁ စစ်တပ်အာဏာသိမ်းမှုအပြီးတွင် ရွှေ့ပြောင်းလာကြသူများဖြစ်ပြီး နိုင်ငံရေးအကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသောပဋိပက္ခများသည်လည်း ရွှေ့ပြောင်းအခြေချမှုများ၏ အကြောင်းခံတစ်ခုဖြစ်ကြောင်း မီးမောင်းထိုးပြလျက်ရှိပါသည်။

အာဏာသိမ်းမှုဖြစ်စဉ်အပြီး ရွှေ့ပြောင်းလာကြသူများသည် အများအားဖြင့် ငွေကြေး စသည့်အရင်းအမြစ်များတွင် အကန့်အသတ်ရှိနေပြီး၊ မူလနေရာတွင် နေထိုင်စဉ်က အိမ်ထောင်စုစာရင်း၊ နိုင်ငံသားအထောက်အထား စသည့် စာရွက်စာတမ်းများပျက်စီးဆုံးရခဲ့ရကာ ပြန်လည်ထုတ်ယူရန်မှာလည်း အခက်အခဲအမျိုးမျိုးကြုံတွေ့ရတဲ့အတွက် ရန်ကုန်မြို့သို့ရောက်လာတဲ့အခါ တရားဝင်အလုပ်အကိုင်များဆီတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် အခက်တွေ့နေကြရပြန်ပါတယ်။ အစဉ်အလာအရ ဆင်ခြေဖုံးမြို့နယ်များတွင်ရှိသော စက်မှုဇုန်များဟာ ရွှေ့ပြောင်းအခြေချလာတဲ့ လုပ်သားအင်အားအများအပြားကို ခေါ်ယူသုံးစွဲလေ့ရှိသော်လည်း အလုပ်ကိုအပြိုင်အဆိုင်ရှာဖွေကြရခြင်း (အလုပ်သမားဈေးကွက်ပိုလျှံနေခြင်း)၊ အလုပ်ခန့်အပ်ရာတွင် ခွဲခြားဆက်ဆံမှုများရှိနေခြင်းနှင့် ကုန်ထုတ်စီးပွားရေးအခြေအနေမှာလည်း တိုးတက်မှုမရှိပဲ ရပ်တန့်နေခြင်းများကြောင့် တည်ငြိမ်သော အလုပ်အကိုင်တစ်ခု ရှာဖွေရရှိရန်မှာ အခက်အခဲများစွာ ရှိနေပါတယ်။ ဤအိမ်ထောင်စုများအပေါ်ရှိ ငွေရေးကြေးရေး ဖိအားမှာ အလွန်ကြီးမားပြီး တရားဝင်အသိအမှတ်ပြုမှုမရှိသော ကြုံရာကျပန်းအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ကြရတာ၊ ငွေကြေးချေးငှားတာနှင့် ပိုင်ဆိုင်မှုများကိုရောင်းချတာ စတဲ့နည်းလမ်းများဖြင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနေကြရပါတယ်။

1 ဆင်းရဲမွဲတေမှု မျဉ်းနှင့်တိုင်းတာရာတွင် ထိုမျဉ်းအောက် မည်မျှနက်နက်ရောက်နေသည်ကိုပါ တွက်ချက်ပါသည်။ ထိုဆင်းရဲတွင်းနက်မှသူများသည် မျဉ်း၏အပေါ်သို့ပြန်ရောက်ရန် ပိုမိုခက်ခဲသည်ဟု ကောက်ချက်ချနိုင်ပါသည်။

2 ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအညွှန်းကိန်း (Asset Index) သည် အိမ်ထောင်စု၏ နေထိုင်မှုပုံစံ၊ သုခချမ်းသာအလုံးစုံကို အခြေခံတွက်ချက်ထားခြင်းဖြစ်ပြီး ဝင်ငွေတစ်ခုတည်းအပေါ် မူတည်ခြင်းမရှိပါ။

ရန်ကုန်မြို့နေသူများအတွက် ကျန်းမာရေးအသုံးစရိတ်ကလည်း ထပ်ဆောင်းဖိအားတစ်ခုဖြစ်ပြီး ဖြေဆိုသူများအနက် ၄၅ ရာခိုင်နှုန်းလောက်က ၄င်းတို့တွင် ကျန်းမာရေး ပြဿနာရှိနေပြီး ဆေးကုသမှုခံယူဖို့လိုအပ်နေကြောင်း ပြောကြားထားပါတယ်။ ဆင်းရဲနွမ်းပါးတဲ့အိမ်ထောင်စုတွေမှာ ငွေကြေးအခက်အခဲတွေရှိနေပေမယ့်လည်း ဖြေဆိုသူအားလုံးရဲ့ ၈၂ ရာခိုင်နှုန်းဟာ ကုန်ကျစရိတ်များပြားတဲ့ ပုဂ္ဂလိကဆေးခန်းတွေမှာ ဆေးကုသမှုခံယူလေ့ရှိကြောင်းဖြေဆိုထားပါတယ်။ ဒါက လူအများစုဟာ အစိုးရဆေးရုံ၊ဆေးခန်းတွေကပေးတဲ့ ကုသရေးဝန်ဆောင်မှုများ၏ အရည်အသွေးအပေါ် သံသယ ရှိနေကြောင်းဖော်ပြနေတာပါ။ အိမ်ထောင်စုအများစု အထူးသဖြင့် ဆင်ခြေဖုံးမြို့နယ်များတွင် နေထိုင်သော ဆင်းရဲနွမ်းပါးသူအိမ်ထောင်စုများသည် ကျန်းမာရေးပြသနာကြုံတွေ့ရပါက ကုသမှုကုန်ကျစရိတ်အတွက် အိမ်ထောင်စုပိုင်ပစ္စည်းများကိုရောင်းချခြင်း၊ ပြင်ပမှငွေချေးယူခြင်းနည်းလမ်းများဖြင့် ဖြေရှင်းကြရပါတယ်။ ထိုအရာက ၄င်းတို့ကို ဆင်းရဲမှုဝဲဂယက်ထဲ ထပ်မံနစ်မြုပ်စေပါတယ်။ အထူးသဖြင့် ဆင်းရဲမွဲတေမှု အပြင်းအထန်ခံစားနေရသူများအတွက် မျိုးဆက်ပွားခြင်း/သားဆက်ခြားခြင်းနှင့် အမျိုးသမီးဆိုင်ရာ ရောဂါများအတွက် ကုသမှုခံယူရာမှာ အခက်အခဲတွေပိုကြုံနေရတာဖြစ်ပါတယ်။

ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရာလမ်းတစ်ခုဖြစ်တဲ့ ပညာရေးသည်လည်း ရန်ကုန်နှင့် အနီးတဝိုက်တွင် နေထိုင်သော ကလေး၊ လူငယ်များအတွက် တဖြည်းဖြည်း အလှမ်းဝေးကွာလာနေတာ တွေ့ရပါတယ်။ ဆင်းရဲသော မိသားစုများအတွင်း၌ ၁၇ ရာခိုင်နှုန်းသော ကလေးသူငယ်များသည် ကျောင်းမတက်ကြပဲ ၃၇ ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် ၄င်းတို့၏ကလေးများကို မိသားစုဝင်ငွေရှာဖွေရာတွင် ပါဝင်စေလေ့ရှိကြောင်းတွေ့ရှိရတယ်။ မကြာခဏဆိုသလိုပဲ ဒီလိုအဖြစ်တွေကြောင့် ကလေးများ၏ ပညာရေးသည်လည်းလဲ ရပ်တန့်သွားရလေ့ရှိပါတယ်။ အသက်မွေးဝမ်းကြောင်းအတွက်လည်းရုန်းကန်ရ၊ လုံခြုံရေးလည်းစိုးရိမ်ရ၊ ငွေရေးကြေးရေးအခက်အခဲကိုလည်းပူပန်ရ စတဲ့ ဖိအားတွေအောက်က ထိုမိသားစုများအတွက်တော့ ပညာရေး၊ ကျောင်းတက်ရေးဆိုသည်မှာ ဦးစားပေးအရာတစ်ခုလည်းလဲ မဟုတ်တော့ပေ။ လက်ရှိအခြေအနေအရ မိသားစုအတွက် တည်ငြိမ်သော ဝင်ငွေတစ်ခုကို အာမမခံနိုင်သော်လည်း ဆင်းရဲမှုမှ အမြန်လွတ်မြောက်ရန် အလားအလာရှိတဲ့ တစ်ခုတည်းသော နည်းလမ်းဟု သတ်မှတ်ကာ ကျောင်းပညာရေးထက် နိုင်ငံခြားတိုင်းပြည်တစ်ခုခုသို့ သွားရောက်အလုပ်လုပ်ရန်ကိုသာ စိတ်အားထက်သန်စွာ ရွေးချယ်လာတဲ့ လူငယ်အရေအတွက်မှာလည်း တိုးမြင့်လာနေတာ တွေ့ရပါတယ်။

လူ့အသိုင်းအဝန်းတွင် မလုံခြုံမှုကိုခံစားရခြင်းသည်လည်း စိုးရိမ်စရာ အရေးကြီးပြဿနာတစ်ခုဖြစ်ပြီး၊ အထူးသဖြင့် ဆင်ခြေဖုံးမြို့နယ်များတွင် နေထိုင်သော ဆင်းရဲနွမ်းပါးသူမိသားစုများမှာ မလုံခြုံမှုကို ပိုခံစားနေရပါတယ်။ ထိုပတ်ဝန်းကျင်များတွင်နေထိုင်သူများအနက် ၄၄ ရာခိုင်နှုန်းသည် ညနေပိုင်းများ၌ပင် တစ်ဦးတည်းလမ်းလျှောက်ရာတွင် မလုံခြုံမှုကို ခံစားရကြောင်းပြောကြားထားပြီး ယင်းအချိုးအစားသည် ရွှေ့ပြောင်းနေထိုင်သူများကြားတွင် ၄၈ ရာခိုင်နှုန်းထိ တက်လာသည်ကိုတွေ့ရပါတယ်။ ထူပြောလာသော ရာဇဝတ်မှုများ၊ ငွေကြေးလုယက်မှုများ၊ အာဏာပိုင်များ၏ အာဏာအလွဲသုံးစား နှောင့်ယှက်မှုများအပေါ် စိုးရိမ်ထိတ်လန့်မှုတိုးလာခြင်းသည်လည်း လူအများ လွတ်လပ်စွာလှုပ်ရှားသွားလာမှုအား အကန့်အသတ်ဖြစ်စေပြီး၊ ထိုအချက်က လူအများအတွက် အလုပ်အကိုင်ရှာဖွေရန်နှင့် အရေးကြီးသောဝန်ဆောင်မှုများကို ရယူရာတွင် အကန့်အသတ်များဖြစ်ပေါ်လာစေပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများလည်း စိုးရိမ်ဖွယ်မြင့်တက်နေပြီး ဖြေဆိုသူများ၏ ၃၃ ရာခိုင်နှုန်းခန့်က ထိုကဲ့သို့ အကြမ်းဖက်မှုမျိုးကို ၄င်းတို့ပတ်ဝန်းကျင်တွင် မြင်တွေ့ခဲ့ရကြောင်း ဖြေဆိုထားပါတယ်။ ထိုသို့သော အကြမ်းဖက်မှုများအတွက် ကူညီဆောင်ရွက်ပေးသော ဝန်ဆောင်မှုများအကြောင်းကို သိရှိထားမှုသည်လည်း လွန်စွာနည်းပါးနေဆဲ ဖြစ်ပါတယ်။

ရန်ကုန်မြို့ပြနှင့် ဆင်ခြေဖုံးမြို့များတွင် တွေ့မြင်နေရသော အဆိုပါ အကျပ်အတည်းအခက်အခဲများသည် သာမန် စီးပွားရေးကျဆင်းမှုတစ်ခုသက်သက်မျှမဟုတ်ပဲ လူမှုရေးနှင့် စီးပွားရေး တည်ငြိမ်မှုကို အခြေခံအုတ်မြစ်မှစ ပျက်စီးလာစေသော အကြောင်းလက္ခဏာများဖြစ်နေပါတယ်။ မြို့ပြများဖြစ်တည်ခြင်း (ဝါ) မြို့ပြများသို့ လူအများရွှေ့ပြောင်းအခြေချခြင်းဆိုသည်မှာ သမိုင်းအစဉ်အလာအရ ပိုမိုကောင်းမွန်သော အနာဂတ်နှင့် စီးပွားရေး အခွင့်အလမ်းများ ရှာဖွေလိုခြင်းကြောင့် ဖြစ်ခဲ့သော်လည်း၊ ယနေ့ခေတ် မြင်တွေ့ရသော ရွှေ့ပြောင်းအခြေချမှုမှာ မူရင်းဒေသတွင် ဆက်လက်နေထိုင်အသက်မွေးရန် ခက်ခဲလွန်းသောအခြေအနေကြောင့် ကြံရာမရ၍ အရာရာစွန့်ပစ်ခဲ့ရပြီး မျှော်လင့်ချက်မဲ့စွာ ရွှေ့ပြောင်းလာရခြင်းမျိုးဖြစ်ပါတယ်။ စီးပွားရေးအခွင့်အလမ်းများနှင့် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ခြင်း၊ အများသူငှါ လုံခြုံရေးကို တိုးတက်အောင်ပြုလုပ်ခြင်းစတဲ့ အရေးပေါ် ကူညီဆောင်ရွက်မှုများမရှိပါက ရွှေ့ပြောင်းလာသူများနှင့် ဆင်းရဲနွမ်းပါးသူများကို ထောက်ကန်ပေးထားသော ရန်ကုန်မြို့၏ စွမ်းရည်မှာ ဆက်လက်ကျဆင်းလာဖွယ်သာရှိပါတယ်။

ဤပြဿနာ အခက်အခဲများကို ဖြေရှင်းရန်ဆိုသည်မှာ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ တုံ့ပြန်ဆောင်ရွက်မှုပုံစံမျိုးစုံကို လုပ်ဆောင်ဖို့ လိုအပ်နေပါတယ်။ စီးပွားရေး တည်ငြိမ်လုံခြုံမှုကို အတိုင်းအတာတစ်ခုထိ ပြန်မြင့်တက်ဖို့ဆိုရင် အရေးကြီးသောအချက်မှာ အလုပ်အကိုင်အခွင့်အလမ်းများကို တိုးချဲ့ဖန်တီးပေးရန်ဖြစ်ပါသည်။ အထူးသဖြင့် တရားဝင်အလုပ်အကိုင်ဈေးကွက်သို့ ဝင်ရောက်နိုင်ရန် ခွဲခြားဆက်ဆံမှုများကြောင့် ခက်ခဲနေသော ရွှေ့ပြောင်းအခြေချလာသူများအတွက် သာ၍ပင် အရေးကြီးပါတယ်။ ဤအရာကို အကောင်အထည်ဖော်ရန်မှာလည်း ယခုလို စီးပွားရေးကျဆင်းနေခိုက် လွန်စွာ ခက်ခဲပါတယ်။ ပြည်တွင်း ပြည်ပ ပုဂ္ဂလိကလုပ်ငန်းအများအပြားဟာ ၄င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို လျှော့ချလာနေကြတာကလည်း အကြောင်းအရင်းတစ်ရပ်ပင်ဖြစ်ပါတယ်။ ခက်ခဲကျပ်တည်းကြတဲ့ အိမ်ထောင်စုအများအပြားအပေါ် ဝန်ထုပ်တစ်ခုလိုဖြစ်နေတဲ့ ကျန်းမာရေးအသုံးစရိတ်ကို လျော့ချနိုင်ရန် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် အလွန်အရေးကြီးပါတယ်။ ဒါ့အပြင် မျိုးဆက်သစ် ကလေးများကို ဆင်းရဲမွဲတေမှုသံသရာအတွင်း ကျရောက်ခြင်းမှ ကာကွယ်နိုင်ရန် ၄င်းတို့အတွက် အထူးဦးတည်ထားသော ပညာရေးအစီအစဉ်များကိုလည်း အရေးပေါ်အနေဖြင့် အကောင်အထည်ဖော်ဖို့ လိုအပ်နေပါတယ်။ အဆိုပါ လူမှုအသိုင်းအဝိုင်းအတွက် အရေးတကြီးလိုအပ်နေသော ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန်မှာလည်း ဘဏ္ဍာရေးခွဲတမ်းမှာ စစ်ရေးအတွက်သာ အများအပြားပုံအော သုံးစွဲနေခြင်းက အတားအဆီးတစ်ခုဖြစ်စေပါတယ်။ ယခုအချိန်တွင် လုံခြုံရေးလို့ခေါ်ဆိုတဲ့ စစ်ရေးအတွက် အသုံးစရိတ်မှာ မြင့်မားလှပြီး ခန့်မှန်းချေအရလည်း ဆက်လက် မြင့်တက်နေဖွယ်ရှိနေတာပါ။ သို့သော် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးအတွက်မူ လုံခြုံမှုကို ခံစားရနိုင်ရန်မှာ (အထူးသဖြင့် ရန်ကုန်မြို့ပြနှင့် ဆင်ခြေဖုံးမြို့နယ်များတွင်) အလေးထားဆောင်ရွက်မှုများ လိုအပ်နေဆဲဖြစ်ပတယ်။

ရန်ကုန်မြို့ရှိ ဆင်းရဲနွမ်းပါးသောလူထုအတွက် အခက်အခဲများ အဆက်မပြတ်မြင့်တက်ခံစားနေရချိန်တွင်၊ ဤအစီရင်ခံစာသည် မြို့ပြဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေသော အခြေခံအကြောင်းများကို ဖော်ထုတ်တင်ပြထားပါတယ်။ ဒါ့အပြင် လက်ရှိဖြစ်ပွားနေသော ပြည်တွင်းစစ်မီးကြောင့် မြို့ပြသို့ရွှေ့ပြောင်းအခြေချမှုပုံစံတစ်ခုဖြစ်လာပြီး ဒါမှတစ်ဆင့် ဆင်းရဲကျပ်တည်းမှုပုံစံအသစ်တွေလည်း ဖြစ်ပေါ်လာနေပါတယ်။ ရည်ရွက်ချက်တိတိကျကျနဲ့ ဖြေရှင်းလုပ်ဆောင်ချက်တွေမရှိပါက လူမှုအသိုက်အဝန်းအတွင်း မယုံကြည်မှုများနှင့် မတည်မငြိမ်အခြေအနေတွေက ပိုဆိုးလာနိုင်ပြီး နောက်ထပ်အိမ်ထောင်စုတွေကိုပါ ဆင်းရဲနွမ်းပါးမှုနှင့် မလုံမခြုံ လူမှုဘဝဝဲဂယက်ထဲ ဆွဲချသွားနိုင်ပါတယ်။ ဒါ့အပြင် ထိလွယ်ရှလွယ်ဖြစ်နေသော ရန်ကုန်မြို့၏ စီးပွားရေးနှင့် လူ့အသိုက်အဝန်း အခြေအနေတွေကို ပိုပြီးမတည်မငြိမ်ဖြစ်လာစေပါလိမ့်မယ်။

UNDP

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်